NSW GOVERNMENT | Education

# Written reports for students learning English as an additional language or dialect

## Information for parents and carers

# အင်္ဂလိပ်ဘာသာရပ်ကို နောက်ထပ် ဘာသာစကားတစ်ရပ်အနေနှင့် သင်ယူနေကြသော ကျောင်းသူ ကျောင်းသားများအတွက် အစီရင်ခံ စာများ။

## မိဘများနှင့် အုပ်ထိန်းစောင့်ရှောက် သူများအတွက် သိကောင်းဖွယ်ရာ။

မိဘများနှင့် အုပ်ထိန်းစောင့်ရှောက် သူများ ခင်ဗျား။

သင်တို့သည် သင်တို့၏ သားသမီး စာသင်ကျောင်းမှ နှစ်စဉ် အစီရင်ခံစာ ၂ စောင် ရရှိကြပါသည် အဆိုပါ အစီရင်ခံစာများသည် သင့် သား/သမီး ရှေ့သို့တက်လှမ်းမှုနှင့် ပညာ သင်ယူမှုကို ကျောင်းက ထောက်ပင့် ပေးနေပုံကို သင့်အား နားလည်အောင်ကူညီ ဆောင်ရွက် ပေးမည်ဖြစ်သည်။ အစီရင်ခံစာသည် ဘာသာရပ်တိုင်းရှိ ကလေး၏ တက်လှမ်းတိုးတက်မှုကို သင့်အား ပြသပါလိမ့်မည်။

### အစီရင်ခံစာများသည် အင်္ဂလိပ် ဘာသာရပ်ကို ဘာသာစကား နောက်တစ်ရပ် အနေနှင့် (English as an additional language or dialect (EAL/D)) သင်ယူနေကြသော ကျောင်းသူ ကျောင်းသားများ အတွက်

သင်၏ ကလေးသည် အင်္ဂလိပ် ဘာသာရပ်ကို နောက်ထပ်ဘာသာ စကားတစ်ရပ်အနေနှင့် သင်ယူနေ လျှင်၊ အစီရင်ခံစာသည် သင့်ကလေး ၏ အင်္ဂလိပ်ဘာသာ သင်ယူရာတွင် တိုးတက်မှုနှင့် အင်္ဂလိပ်ဘာသာ စကား လက်ရှိ တတ်ကျွမ်းမှုအဆင့် ကို ပြသလိမ့်မည်။ တတ်ကျွမ်းမှုအဆင့်များမှာ၊ ကနဦးအစ၊ ထွက်ပေါ်လာ၊ တိုးတက်လာ၊ တောင့်တင်းခိုင်မာလာ လက်ရှိ အဆင့်များကို သရုပ်ဖေါ် ရေးသားထားသည်များ တစ်ဖက် စာမျက်နှာတွင် ကြည့်ပါ။

### EAL/D အစီအစဉ်တွင် ပါရှိသော ကျောင်းသူကျောင်းသားများ အတွက် အစီရင်ခံစာများ

သင်၏ ကလေးသည် EAL/D အစီ အစဉ်တွင် ပါဝင်နေလျှင်၊ ကလေးတို့ အင်္ဂလိပ်စကားပြော သင်ယူရာမှာ တိုးတက်မှုဆိုင်ရာ အချက်အလက်များ ပါရှိသည့် EAL/D ဆရာ ရေးသားထားသော အစီရင်ခံစာကိုလည်း သင့်အနေနှင့် ထပ်ဆင့်ရရှိပါလိမ့်မည်။

### မကြာမီကမှ ရောက်ရှိလာသော EAL/D ကျောင်းသားများအတွက် အစီရင်ခံစာများ

သင်၏ ကလေးသည် EAL/D အစီ အစဉ်တွင် ပါဝင်လျက် ဩစတြေးလျားစာသင်ကျောင်းမှာ သင်တန်းပတ် ၄ ပတ်၊ သို့မဟုတ် ထို ထက် လျော့လျှင်၊ သင့်ကလေးရဲ့ အစီရင်ခံစာမှာ အင်္ဂလိပ် နှင့် အခြားဘာသာရပ်များ သင်ယူရာတွင် တိုးတက်မှုကို ရမှတ်အဆင့်အတန်း အစား ဝေဖန်ချက်အနေနှင့်သာ ဖေါ်ပြမည်။

### အင်္ဂလိပ်ဘာသာကို ပြင်းပြင်းပြပြ သင်ကြားပို့ချသည့် ဗဟိုဌာနများ နှင့် အထက်တန်းကျောင်းများသို့ မကြာမီကမှ ရောက်ရှိလာသော EAL/D ကျောင်းသားများအတွက် အစီရင်ခံစာများ

သင်၏ ကလေးသည် အင်္ဂလိပ်ဘာသာကို ပြင်းပြင်းပြပြ သင်ကြားပို့ချသည့် ဗဟိုဌာန သို့မဟုတ် အထက်တန်းကျောင်းတွင် စာရင်းသွင်းထားလျှင်၊ ကလေးတို့၏ အင်္ဂလိပ်စကားတတ်ခြင်းတိုးတက်မှု ဆိုင်ရာ အစီရင်ခံစာကိုလည်း သင် ရရှိပါလိမ့်မည်။ ထို့အပြင် အစီရင်ခံစာသည် အထက်တန်းကျောင်း တက်ဖို့ အတွက် သင်ယူနေသည့် ဘာသာရပ်အားလုံးမှာ ရှိသည့် တိုးတက်မှုတွေကိုလည်း ပြသပါမည်။

| အင်္ဂလိပ်ဘာသာ တတ်ကျွမ်းမှု အဆင့်များ | |
|---|---|
| ကနဦးအစ | ကနဦးအစ အဆင့်တွင်ရှိသော ကျောင်းသားတို့သည် အင်္ဂလိပ် ဘာသာကို စတင်သင်ယူနေကြသည် သူတို့သည် အင်္ဂလိပ်စကားအပြင် အခြားဘာသာစကား တစ်မျိုးသာမက ပြောတတ်ပြီး သူတို့ရဲ့တိုင်းရင်းဘာသာစကားကို အရွယ်နှင့်လိုက်သည့်အဆင့် ရေးတတ်ဖတ်တတ်မည်ဖြစ်သည်။ အဆိုပါ ကျောင်းသားတို့သည် သင်ရိုးညွှန်းတမ်းတွင်ပါရှိသော လွယ်ကူသည့် ဘာသာစကားဆိုင်ရာ အလုပ်ကို စလုပ်နေကြပြီဖြစ်သည်။ |
| ထွက်ပေါ်လာ | ထွက်ပေါ်လာအဆင့် ရောက်နေ သော ကျောင်းသားတို့၏ အင်္ဂလိပ်ဘာသာ သိတတ်နားလည်မှု ကြီးထွားလာကြသည် အဆိုပါကျောင်းသားတို့သည် အခြေခံအင်္ဂလိပ်စကား အပါအဝင်၊ ဘာသာစကား တစ်မျိုးမက ပြောတတ်ကြပြီး အင်္ဂလိပ်စာ တတ်ကျွမ်းမှုလည်း တိုးတက်နေပြီ။ အဆိုပါကျောင်းသားတို့သည် လျော့ကန်သော ဘာသာစကားပြော သင်ကြားမှုနှင့် အချိန် ပိုပေးလျင် အခြား စာသင်ခန်းမအတွင်း လှုပ်ရှားမှုနှင့် သင်ယူမှုတို့တွင် ပါဝင်နိုင်မည် ဖြစ်သည်။ |
| တိုးတက်လာ | တိုးတက်လာ အဆင့်ရောက် ကျောင်းသားတို့သည် လက်တွေ့ အသုံးဝင်သည့် အင်္ဂလိပ် ဘာသာစကား အပါအဝင် ဘာသာစကားတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုပြောနိုင်ကြပြီး အင်္ဂလိပ်စာ ရေးသားဖတ်ရှုရာ မှာလည်း နားလည်မှု တိုးတက်လာ ပြီဖြစ်သည်။ အဆိုပါကျောင်းသားတို့သည် စာသင်ခန်းမနှင့် ကျောင်းတို့၏ လုပ်ရိုးလုပ်စဉ် လုပ်ကြရာတွင် ထထကြွကြွပါဝင်ကြလျက် သင်ယူမှု လုပ်ငန်းတာဝန်ကိုလည်း တိုးတက် အောင်မြင်စွာ ဆောင်ရွက် နိုင်ကြသည်။ သူတို့ အင်္ဂလိပ် သဒ္ဒါ နှင့်ဝေါဟာရကို ပိုင်နိုင်အောင် ကြိုးစားနေချိန်မှာ သူတို့ရဲ့ မူလဘာသာစကားသည် တန်ဖိုးရှိသည့် အထောက်အကူ ဆက်လက်ဖြစ်နေသည်။ |
| တောင့်တင်းခိုင်မာလာ | တောင့်တင်းခိုင်မာလာ အဆင့် တွင် ရောက်ရှိနေသော ကျောင်းသားတို့သည် အင်္ဂလိပ်စကားအပြင် အခြားဘာသာ စကားတစ်မျိုး သို့မဟုတ် ထိုထက်များပြီး ပြောနိုင်လျက် အင်္ဂလိပ်စာ ရေးသားဖတ်ရှုခြင်းလည်း ကောင်းစွာတတ်မြောက်သည်။ အဆိုပါ ကျောင်းသားတို့သည် စာသင်ခန်းမ နှင့် ကျောင်းတွင် ပြုလုပ်နေကျ လုပ်ရိုးလုပ်စဉ် ကို လွတ်လွတ်လပ်လပ် ပါဝင် လုပ်ဆောင်နိုင်ပြီး အင်္ဂလိပ်ဘာသာကို အောင်မြင်စွာ သင်ယူနိုင်သည့်စွမ်းရည် ပိုရှိလာကြပါသည်။ သူတို့သည် တိကျသော ကြံ့ရွယ်ချက် တွေအတွက် အပြောအဆိုနှင့် စာကိုယ်ကို ထုတ်လုပ်နိုင်ကြ သော်လည်း ပညာသင်ကြားရေး နှင့်ဆိုင်သော ဘာသာရပ်များ တိုးပွား များပြားလာသည့်အလျောက် EAL/D သင်ယူသူများကို ထောက်ပံ့ ကူညီမည့် စူးစိုက်အာရုံပြု ဘာသာ စကား သင်ကြားနည်းနှင့် နည်းဗျူဟာများကို လိုအပ်နေကြသေးသည်။ |

## တယ်လီဖုန်းစကားပြန် အကျိုးဆောင် အဖွဲ့

သင့်အနေနှင့် ပိုမိုသိစရာရှိသေးလျင် ကျောင်းကို ဆက်သွယ် မေးမြန်းပါ။ သင့်ကို ကူညီရန်အတွက် စကားပြန် လိုအပ်လျင် တယ်လီဖုန်းစကားပြန် အကျိုးဆောင် အဖွဲ့ (TIS) သို့ ဖုန်းနံပါတ် 131 450 ကို ဆက်ပြီး သင်ပြောလိုသည့် ဘာသာစကား ပြောသော စကားပြန် ကို တောင်းပါ သက်ဆိုင်သည့် စကားပြန်က ကျောင်းသို့ တယ်လီဖုန်းဆက်ပြီး စကားစမြည် ဆုံးအောင် ပြောသည်အထိ ဖုန်းကို မချလိုက်ဘဲ ဘာသာပြန်ပေးပါလိမ့်မည်။ ဘာသာပြန်ခြင်းအတွက် သင့်ထံမှ အဖိုးအခ တောင်းခံမည်မဟုတ်ပါ။